# ရောဂါဖြစ်ပွားမှုနှင့် အဟာရချို့တဲ့မှု များ တိုးတက်များပြားလာ၊ ပြည်ပအကူအညီအနည်းငယ်သာရရှိ

**Los Angeles Times/ Washington Post**
**December 28, 2005**

ကြီးထွားလာနေသော လူမှုရေးအကျပ်အတည်းများကြောင့် ထောင်ပေါင်းများစွာသော လူအများမှာ ရောဂါဖြစ်ပွားမှုနှင့် အဟာရချို့တဲ့မှုများကြောင့် သေဆုံးနိုင်သည်ဆိုသော စိုးရိမ်မကင်းဖြစ်မှုများ စတင်ဖြစ်ပေါ်လာလျက်ရှိသည်။

မြန်မာနိုင်ငံသည် အာရှတွင် AIDS တွင် ရောဂါဖြစ်ပွားမှုအများဆုံးအဖြစ် စံချိန်တင်လျက်ရှိသည့်အပြင် အာရှတိုက်တွင် ငှက်ဖျားရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ ၆၀ ရာနှုန်းမှာ မြန်မာပြည်မှဖြစ်နေသည့် အခြေအနေများ ရှိနေသော်လည်း ပြည်ပမှ အကူအညီများ အနည်းငယ်သာ ရရှိနေသည်ဟု ကုလသမဂ္ဂအရာရှိများအဆိုအရ သိရသည်။

ကမ္ဘာအနှံ AIDS, TB နှင့် ငှက်ဖျားရောဂါများ တိုက်ဖျက်ရေးဆောင်ရွက်နေသော ကမ္ဘာ့ရံပုံငွေအဖွဲ့ (Global Fund) မှ ယခုနှစ် မြန်မာပြည်အတွက် ရံပုံငွေအဖြစ်လျာထားထားသော အမေရိကန်ဒေါ်လာ ၈၇ သန်းအား စစ်အစိုးရထံမှ လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းကြောင့်ဆိုကာ ဆက်လက်ပေးတော့မည်မဟုတ်ဟု သိရသည်။

အခြားအလှူရှင်များ ထွက်ပေါ်မလာပါက AIDS ဝေဒနာရှင် ၅ ထောင်အပါအဝင် လူထောင်ပေါင်းများစွာတို့ သေဆုံးနိုင်ဘွယ်ရှိသည်ဟု ကုလအရာရှိများက ပြောပြသည်၊ Global Fund ၏ ၅ နှစ်စီမံကိန်းအရ AIDS ဝေဒနာရှင်များမှာ Antiretroviral ခေါ် အသက်ဆက်ဆေးဝါးများ ရဘို့ ရှိနေပေသည်။ ယင်းဆေးဝါးသည် မြန်မာကျောင်းဆရာတဦးလစာ၏ ၁၀ ဆ ခန့်မျှရှိပြီး၊ လူနည်းစုသာတတ်နိုင်ပြီး၊ ၄င်းဆေးအား အမှန်တကယ်လိုအပ်သူများ၏ ၅ ရာနှုန်းလောက်သာလျင် အခမဲ့ရလျက်ရှိသည်ဟု ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ သိရသည်။

မြန်မာပြည်ရှိ ကုလသမဂ္ဂအကြီးအကဲ ဖြစ်သူ ချားလ်ပီထရီး က ယခုလို ပြောပြခဲ့ပေသည်။
"Global Fund" ကို ဘယ်တုန်းကမှ လုပ်ငန်းအပြည်အဝလည်ပါတ်ဆောင်ရွက်နိုင်အောင် အခွင့်အလမ်းမပေးခဲ့ပါဘူး၊ အခုလို ဆုံးဖြတ်ခဲ့တာကြောင့် လူအမြောက်အမြားသေဆုံးကြရဘို့ရှိနေတယ်ဆိုတာ ကျွန်တော်ချဲ့ကားပြောနေတာ မဟုတ်ပါဘူး၊ စစ်အစိုးရဒဏ်ကို ခံနိုင်ရည်ရှိခဲ့တဲ့သူတွေလည်း ဒီလိုရောဂါတွေကြောင့် သေကြရဘို့ရှိနေပါတယ်၊ ကျွန်တော်တို့အနေနဲ့က သည်ဘိုရောဂါတွေကို ခံနိုင်ရည်ရှိမယ့် အစားအသောက်နဲ့ ဆေးဝါးအကူအညီတွေကို ကူညီထောက်ပံပေးနိုင်မယ့် အနေအထားမှာ မရှိလို့ပါ"

ဆိုးဝါးလာလျက်ရှိသော ကျန်းမာရေးပြဿနာများကြောင့် မြန်မာပြည်ရှိ ကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပြည်ပရှိ ဒီမိုကရေစီ လိုလားသူများအကြားတွင် ရောဂါဘယထူပြောများပြားလာမည့် အန္တရာယ်ကို ကါကွယ်မည်လော၊ စစ်အစိုးရ ပြုတ်ကျရေး ဆောင်ရွက်ကြမည်လော၊ ထို ၂ ခုမှ မည်သည့်ကို ဦးစားပေးသင့်သနည်း ဆိုသည့် ကိစ္စကို အခြေအတင်ဆွေးနွေးစရာ ဖြစ်ချက်ရှိနေပြီဖြစ်သည်။

ဝါရှင်တန်ရှိ အမည်မဖေါ်လိုသော ဒီမိုကရေစီ လှုပ်ရှားသူတဦးမှ အကူအညီများမရရှိသည့် အတွက် စစ်အစိုးရအပေါ်တွင် တာဝန်ရှိသဖြင့် မြန်မာပြည်တွင် နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ်လာအောင် နိုင်ငံတကါမှ အာရုံစိုက်ဆောင်ရွက်သင့်ကြောင်း ဆိုသည်။

“ဒီနိုင်ငံမှာ အခုလို ဒုက္ခသုက္ခတွေဖြစ်နေအောင် ဘယ်သူတွေက ဖန်တီးနေတာလဲဆိုတာ သဘောပေါက်ဘို့ လိုပါတယ်၊ Global Fund မဟုတ်ပါဘူး၊ ကုလသမဂ္ဂမဟုတ်ပါဘူး၊ အမေရိကန် ကွန်ဂရက်လည်း မဟုတ်ပါဘူး၊ စစ်အစိုးရပဲ ဖြစ်ပါတယ်” ဟု ပြောပြခဲ့သည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဖြတ်တောက်ခြင်းသည် ဒုက္ခသည်စခန်းတခုရှိ လူအများအား အစားအသောက် ဖြတ်တောက်လိုက်ခြင်းနှင့် အတူတူပင်ဖြစ်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ UNAIDS ၏ အတိုင်ပင်ခံ ဖြစ်သူ ဘရိုင်ယန် ဝီလီယံမှ ပြောပြသည်။

ယခုအချိန်အထိ အမေရိကန်၏ စီးပွားရေးဒဏ်ခတ်မှုများနှင့် အာဆီယံမှ ကြိုးပမ်းဆောင်ရွက်နေမှုများသည် စစ် အစိုးရထံမှ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး အပါအဝင် အခြားသဘောတူလိုက်လျောချက်များ ရရှိအောင် ပြုလုပ်နိုင်စွမ်းမရှိခဲ့သေးချေ။

စစ်အစိုးရ၏ လုပ်ရပ်များကြောင့် မြန်မာပြည်မှ တန်ဘိုးကြီးကြီးပေးဆပ်နေရပေသည်၊ လူအများအပြားဆင်းရဲတော်မွတ် မှု၊ ရောဂါပြန့်ပွားမှု အဆမတန်များပြားလာခြင်း နှင့် လူမှုဖူလုံရေးလုပ်ငန်းများ ရှားပါးနေခြင်း ရှိနေသော်ငြားလည်း မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် လူတဦးချင်းအနေဖြင့် ပြည်ပမှ ထောက်ပံ့သော လူလူချင်း စာနာထောက်ထားမှု အကူအညီများကို အနည်းဆုံးရရှိနေဆဲဖြစ်သည်။ အခြား
သော ဖိနှိပ်အုပ်ချုပ်သောအစိုးရလက်အောက်ရှိ နိုင်ငံများထက်ပင် နည်းနေသည်ဟု ဆိုသည်။

ဥပမာအားဖြင့် ကွန်မြူနစ်အစိုးရအုပ်ချုပ်လျက်ရှိသော အိမ်နီးချင်း လာအိုနိုင်ငံသည် လူတဦးချင်းစီအနေဖြင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို မြန်မာပြည်ထက် အဆ ၂၀ မျှ ပို၍ ရရှိနေပြီး၊ ဗီယက်နမ်မှ ၉ ဆ ပို၍ရရှိကာ၊ အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုကို ခံနေရဆဲဖြစ်သော ကျူးဘားပင်လျှင် ၂ ဆပို၍ ရရှိခဲ့သည် ဟု စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင် ဖွံ့ဖြိုးရေးအဖွဲ့ (OECD) မှ ပြုစုသော စာရင်းဇယားများအရ သိရသည်။

ထိုကဲ့သို့အကူအညီရရှိမှု လျော့နည်းနေခြင်း နှင့် စစ်အစိုးရအုပ်ချုပ်မှု ၂ ရပ်ကို ထည့်သွင်းစဉ်းစားမည်ဆိုပါက အခြေအနေသည် ကြောက်ခမန်းလိလိ ဆိုးဝါးနေကြောင်း နိုင်ငံတကာ လူဦးရေ လုပ်ငန်း၏ မြန်မာပြည်ဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ ဂိုင်းစတောဝပ်သီမှ ဆိုသည်။

Global Fund မှ တိုက်ဖျက်ရန် ရည်မှန်းထားသော AIDs, TB နှင့် ငှက်ဖျားရောဂါများသည် မြန်မာနိုင်ငံအတွင်း ကူးစက်ပြန့်နှံနေပြီး မကြာမီတွင် အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ တရုတ် နှင့် အိန္ဒိယတို့ ခြိမ်းခြောက်လျက်ရှိပေသည်။

HIV သည် မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ပြည့်တန်ဆာများမှတဆင့် လူထုကြားသို့ ပြန့်နှံလျက်ရှိပြီး၊ ပြန့်နှံနှုန်းမှာ ၂.၃ ရာနှုန်းခန့်ရှိမည်ဟု ခန့်မှန်းထားသည်၊ အထူးသဖြင့် တရုတ်နယ်စပ်ရှိ မြို့များမှာ အဆိုးဝါးဆုံးဖြစ်သည်ဟု ဆိုသည်။ ကုလသမဂ္ဂမှ စုဆောင်းရသမျှ စာရင်းများအရ အရွယ်ရောက်သူ မြန်မာလူမျိုးများ၏ ၁.၃ ရာနှုန်းမှာ HIV ရောဂါဖြစ်ပွားလျက်ရှိပြီး၊ အမှန်တကယ်တွင် ၂.၂ ရာနှုန်းအထိ ရှိနိုင်သည်ဟုဆိုသည်။ ကိုယ်ဝန်ဆောင်မိခင်များ ၏ ၂ ရာနှုန်းတွင်လည်း HIV ရောဂါတွေ့ရှိရသည်ဟု မကြာမီက လေ့လာချက်များအရ သိရသည်။

အမည်မဖော်လိုသော နိုင်ငံခြားကယ်ဆယ်ရေးအရာရှိတဦး၏ အပြောအရ သေဆုံးမှုများစတင်ဖြစ်ပွားလျက်ရှိပြီး၊ နောက် ၁၀နှစ်အတွင်း မြန်မာလူငယ် ၁၀ ရာနှုန်းခန့် ယင်းရောဂါကြောင့် ဆုံးရှုံးနိုင်ဘွယ်ရှိနေသည်ဟု သိရသည်။

TB ရောဂါဖြစ်ပွားနှုန်းမှာ မြန်မာသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်ပြီး နှစ်စဉ် ရောဂါဖြစ်ပွားသူ ၉၇,၀၀၀ ခန့်ရှိ

သည်။ ဆေးဝါးဒဏ်ကို ခံနိုင်စွမ်းရှိသည့် **TB** ပိုးရပ်စ်ပိုးများမှာ မြန်မာပြည်အတွင်းနှင့် နယ်စပ်ကို ဖြတ်ကျော်ပြန့်နှံ့လျက် ရှိပေသည်၊ ထို့အပြင် နှစ်စဉ် ငှက်ဖျားရောဂါ ဖြစ်ပွားသူ ၆ သိန်းခန့်ရှိပြီး သေဆုံးသူ ၃ ထောင်ခန့်ရှိပြီး၊ အသက် ၅ နှစ်အောက် ကလေးများမှာ ငှက်ဖျားရောဂါကြောင့် အများဆုံးသေဆုံးလျက်ရှိကြသည်။

အကူအညီများ ဖြတ်တောက်ခဲ့သော **Global Fund** သည်ပင် မြန်မာပြည်၏ ကျန်းမာရေးအခြေအနေသည် လွန်စွာစိုးရိမ်မကောင်းဖြစ်စရာ အနေအထားတွင်ရှိပြီး မကြာမီတွင် ကပ်ရောဂါဆိုးကြီးကဲ့သို့ ဖြစ်ပွားလာနိုင်ပြီး ဒေသတခုလုံးကို ထိခိုက်လာနိုင်ဖွယ်ရှိကြောင်း အသိအမှတ်ပြုထားခဲ့ပြီးဖြစ်သည်။

ယခင်က စစ်အစိုးရအား စီးပွားရေးအရ ဒဏ်ခတ်ခြင်းကို ထောက်ခံခဲ့သော ဒေါ်အောင်ဆန်းစုကြည်အား ယခုအခါတွင် အဆက်အသွယ်လုပ်၍ မရသော်လည်း အခြားထိပ်တန်းအတိုက်အခံခေါင်းဆောင်များကမူ အကူအညီများ ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့သည့် **Global Fund** ၏ ဆုံးဖြတ်ချက်ကို စိတ်ပျက်မိကြောင်း ဖေါ်ပြခဲ့ကြသည်။

၁၉၈၈ ဒီမိုကရေစီ ဆန္ဒပြပွဲကြောင့် ထင်ရှားလာသော ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်က ကျန်းမာရေးအန္တရာယ်ကို ဖြေရှင်းနိုင်ရေးအတွက် ပြည်ပအကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုကို မည်သည့်ပုံစံမျိုးနှင့် ဖြစ်စေ လိုအပ်လျက်ရှိပြီး နိုင်ငံရေးဖြေရှင်းချက်ရသည့်အထိ စောင့်နေ၍မဖြစ်ဟု ဆိုသည်။

နိုင်ငံခြားကယ်ဆယ်ရေး လုပ်သားများက **Global Fund** မှ အကူအညီရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းသည် အမေရိကန်ပြည်ထောင်စုနှင့် ဝါရှင်တန်ရှိ ကွန်ဂရက်အမတ်များ၏နားသို့ တိုက်ရိုက်ပေါက်သော အယူအဆတင်းမာသည့် ဒီမိုကရေစီ လိုလားထောက်ခံသူများ၏ ဖိအားပေးမှုကြောင့် ဖြစ်သည်ဟု ပြောခဲ့ကြပြီး၊ **Global Fund** ၏ ပြောခွင့်ရ ပုဂ္ဂိုလ် ဂျွန်လီဒင်က နိုင်ငံရေးအရပါဝင်ပါတ်သက်မှု မရှိကြောင်း ငြင်းဆိုခဲ့ပြီး၊ ၎င်းတို့၏ ဝန်ထမ်းများ လွတ်လပ်စွာ သွားလာခွင့်ပြုပါမည်ဆိုသော် ကတိပြုချက်ကို စစ်အစိုးရမှ လိုက်နာခဲ့ခြင်းမရှိသောကြောင့် ရပ်ဆိုင်းခဲ့ခြင်း ဖြစ်သည်ဟု ပြောကြားခဲ့သည်။

အမေရိကန်ကွန်ဂရက်က ကုလသမဂ္ဂအကူအညီများသည် စစ်အစိုးရအား အထောက်အပံ့ပေးသည့် အသွင်ရှိက ကုလဖွံ့ဖြိုးရေးအစီအစဉ် **(UNDP)** သို့ ထည့်ဝင်ငွေများကို ဆိုင်းငံ့ထားမည်ဟု သတိပေးထားခဲ့ပြီးဖြစ်သည်။

ဆင်းရဲတွင်းနက်နေသော လူထုမှ ပို၍ကျပ်တည်းလာလေ၊ စစ်အစိုးရအား ပို၍ ဆန့်ကျင်လာဘွယ်ရှိသည်ဟူသော အယူအဆသည် မမှန်ကြောင်း၊ ၎င်းတို့အနေဖြင့် တဝမ်းတခါးဖူလုံစေရေးအတွက် နေ့တဒူဝ အလုပ်လုပ်ကိုင်နေကြမည်သာ ဖြစ်သည်ဟု အမည်မဖေါ်လိုသော ပြည်ပမှ ကယ်ဆယ်ရေးဝန်ထမ်းတဦးမှ ဆိုပေသည်။